# အစီရင်ခံစာ အမှတ် ၄၊ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂
# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်


ဤအစီရင်ခံစာကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။

## သတင်းခေါင်းစဉ်

ယာဘက်ရှိမြေပုံသည် Myanmar Information Management Unit(MIMU) မှရရှိသော ဇူလိုင်လ ၁၀ ရက်နေ့မှ ဩဂုတ်လ ၁၇ ရက်နေ့အတွင်း ရေလွှမ်းမိုးမှုအခြေအနေပြ ဂြိုလ်တုမြေပုံဖြစ်ပါသည်။

*Headline Effects of Flooding, 31 August 2015*

| Affected State/Region | Displaced Population | Damaged Houses | Destroyed Farmland, acres [desc.] |
|---|---|---|---|
| Rakhine | 96,165 | 125,151 | 217,246 |
| Ayeyarwaddy | 505,292 | 109,252 | 204,245 |
| Bago | 177,315 | 66,785 | 152,847 |
| Sagaing | 399,526 | 83,490 | 121,385 |
| Magway | 308,046 | 64,687 | 65,858 |
| Yangon | 63,082 | 14,525 | 56,486 |
| Kachin | 7,454 | 5,228 | 12,791 |
| Chin | 21,618 | 3,873 | 7,814 |
| Shan | 5,329 | 148 | 2,815 |
| Kayin | 7,325 | 1,258 | 106 |
| Mandalay | 18,977 | 253 | 27 |
| Mon | 6,632 | 1,592 | 0 |
| **Total** | **1,616,761** | **476,242** | **841,620** |




- ဇူလိုင်လမှဩဂုတ်လအတွင်း ရေကြီးမြေပြိုမှုများကြောင့် လူဦးရေ(၁.၆)သန်း ရွှေ့ပြောင်းခဲ့ရပါသည်။
- တစ်စိတ်တစ်ပိုင်း (သို့) လုံးဝပျက်စီးသွားသော အိမ်အရေအတွက်မှာ ၄၇၆,၀၀၀ ကျော်ဖြစ်ပါသည်။
- ဝေးလံခေါင်ဖျားသော လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်ဒေသများရှိ ကျေးရွာများသည် လမ်း၊တံတားများပျက်စီးခြင်း၊ ရွှံ့နွံများဖုံးလွှမ်းခြင်းတို့ကြောင့် အခက်အခဲများ ရင်ဆိုင်နေကြရပါသည်။
- အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းစဉ်များဆောင်ရွက်လျှက်ရှိသည့်အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ခြင်း၊ လူမှုစောင့်ရှောက်ရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ ခုခံနိုင်စွမ်းအနည်းဆုံးသောလူများကို ပံ့ပိုးကူညီမှုပေးခြင်းစသောအစိုးရ၏ ပြန်လည်ထူထောင်ရေးဆိုင်ရာဦးစားပေးလုပ်ငန်းများနှင့်အညီ ကဏ္ဍအတော်များများတွင် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အထူးအလေးပေး စတင်လုပ်ဆောင်နေပြီ ဖြစ်ပါသည်။

## အဓိကသတင်းစကား



- ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂၄ ရက်(တနင်္လာနေ့)တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ **“ရေဘေးသင့်ပြည်သူများ၏အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းထောက်ပံ့ပေးလျက်ရှိသော်လည်း ၎င်းတို့မှာ ယာယီဖြေရှင်းဆောင်ရွက်မှုများသာ ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာလိုအပ်ချက်များကို အလေးပေးထည့်သွင်း စဉ်းစားပေးကြရမည်ဖြစ်ကြောင်း”** လမ်းညွှန်မှာကြားခဲ့ပါသည်။ (ဘယ်ပုံ)
- ဆက်လက်၍ နိုင်ငံတော်သမ္မတကြီးမှ ပျက်စီးအိမ်များ ပြန်လည်တည်ဆောက်ပေးရေး၊ ရေဘေးသင့်ပြည်သူများအတွက် စားရေရိက္ခာများပံ့ပိုးပေးရေးတို့အပြင် သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်များ၊ အခြားသော ခုခံနိုင်စွမ်းနည်းပါးသည့်သူများအား ကာကွယ်ပေးရန်လည်း အရေးကြီးကြောင်း အထူးအလေးပေး မှာကြားခဲ့ပါသည်။
- ထို့ပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် ထိခိုက်ပျက်စီး ဆုံးရှုံးမှုဆိုင်ရာ တိကျသော သတင်းအချက်အလက်များရရှိရန် အလွန်အရေးကြီးကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပူးပေါင်း

ဆောင်ရွက်ခြင်းသည်လည်း အရေးကြီးသောအချက်တစ်ချက်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် စီးပွားရေး၊ လူမှုရေး လုပ်ငန်းများ ထိခိုက်ပျက်စီးခြင်းကို လျော့ပါးသက်သာစေရန်အတွက် မိသားစုဝင်ငွေတိုးမြှင့်ရေး လုပ်ဆောင်ပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လည်း အရေးကြီးပါကြောင်း အလေးပေး ပြောကြားခဲ့ပါသည်။

- နိုင်ငံတော်သမ္မတကြီးသည် ဘေးသင့်ဒေသများသို့ ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ပါသည်။ နိုင်ငံတော်ဒုတိယသမ္မတ ဦးညဏ်ထွန်းမှလည်း ပြန်လည်ထူထောင်ရေးမူဘောင်နှင့် စီမံချက်ကို အသေးစိတ် လမ်းညွှန်မှာကြားခဲ့ပြီးအယ်လ်နီညိုရာသီဥတုဖြစ်စဉ်၏သက်ရောက်မှုကြောင့် မုတ်သုန်ရာသီနှောင်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရန်လည်း အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့ပါသည်။
- မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှသတင်းအချက်အလက်များအရ မုတ်သုန်ရာသီနှောင်းပိုင်းကာလသည် စက်တင်ဘာလ ၁ ရက်နေ့မှ အောက်တိုဘာလ လလယ်အထိ ဖြစ်နိုင်ကြောင်း၊ ကာလရှည် မိုးလေဝသခန့်မှန်းချက်များအရ ဘင်္ဂလားပင်လယ်အော်အတွင်း လေဖိအားနည်းရပ်ဝန်း (၄)ခုဖြစ်ပေါ်နိုင် ကြောင်း၊ ၎င်းတို့အနက်မှ ၂ ခုသည် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း သိရပါသည်။

## အခြေအနေသုံးသပ်ချက်

ဩဂုတ်လ ၃၁ရက်နေ့စာရင်းများအရ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးမြေပြိုမှုများကြောင့် လူပေါင်း ၁,၆၁၆,၇၆၁ ဦးရွှေ့ပြောင်းခဲ့ရကြောင်း၊ ဇွန်လအတွင်း ၇ဦး၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ၁၁၅ ဦးသေဆုံးခဲ့ပြီး စုစုပေါင်းသေဆုံးသူ ၁၂၂ ဦးဖြစ်ကြောင်း၊ ဘေးသင့်ဒေသများတွင် စီးပွားရေးအရထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၇၄ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၄၉ သန်း)ဖြစ်ကြောင်း၊ အဆိုးဝါးဆုံးထိခိုက်ပျက်စီးဆုံးသည့်ဒေသမှာ ရခိုင်နှင့် ချင်းပြည်နယ်တို့ဖြစ်ကြောင်း၊ ရေဘေးကြောင့် တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးသည့် အိမ်ခြေ ၄၇၆,၂၄၂ လုံးရှိသည့်အနက် လုံးဝပျက်စီးသည့်အိမ်ခြေ ၁၇,၇၆၄ လုံး ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် လုံးဝပျက်စီးသည့်အိမ်ခြေအများဆုံးဖြစ်ပြီး တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးသည့်အိမ်အရေအတွက်မှာလည်း အများဆုံးဖြစ်ကြောင်း၊ လယ်ယာမြေ ၁,၄၄၆,၅၂၀ ဧက ရေလွှမ်းမိုးခံခဲ့ရပြီး ၁,၁၁၃,၀၆၉ ဧကထိခိုက်ခဲ့ပြီး ၎င်းအနက်မှ ၈၄၁,၆၂၀ ဧကသည် လုံးဝပျက်စီးသွားခဲ့ကြောင်း တင်ပြထားပါသည်။ အဆိုပါ လိုအပ်ချက်များအရ နိုင်ငံတော်အစိုးရမှ ဦးစားပေးဆောင်ရွက်မည့် တုံ့ပြန်ရေးလုပ်ငန်းစဉ်များမှာ (၁) အသက် ဆက်လက်ရှင်သန်စေရေး၊ (၂) စားဝတ်နေရေးပြေလည်စေရေးတို့ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဦးစားပေးဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာ (၁) မူလ အခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး၊ (၂) မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ဆောင်ရွက်ပေးရေး၊ (၃) လူမှုစောင့်ရှောက်မှုများပေးရေးနှင့် ခုခံနိုင်စွမ်းအနည်းဆုံးသောသူများကို ထောက်ပံ့ကူညီပေးရေးတို့ ဖြစ်ပါသည်။

နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ အောက်တွင်ဖော်ပြထားသည့်ဇယားတွင်ပါရှိသော ထိခိုက်ပျက်စီးဆုံးရှုံးမှုသတင်းအချက်အလက်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်ရာတွင် အသုံးပြုသွားနိုင်မည်ဖြစ်ပါသည်။ အဆိုပါဇယားတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုအများဆုံးသောမြို့နယ်များကိုဖော်ပြထားပြီး အိုးအိမ်ထိခိုက်ပျက်စီးမှု၊ စီးပွားရေးအရထိခိုက်ပျက်စီးဆုံးရှုံးမှု(ပြည်သူများ၏ ပိုင်ဆိုင်မှုများနှင့် အခြေခံအဆောက်အဦများထိခိုက်ပျက်စီးမှုကို ထည့်သွင်းတွက်ချက်ထားပါသည်)၊ ဆင်းရဲနွမ်းပါးမှု ပမာဏ (GDP ပေါ် အခြေခံ တွက်ချက်ထားပါသည်)အလိုက် တိုင်းဒေသကြီး/ ပြည်နယ်များကို အစဉ်လိုက်ဖော်ပြထားပါသည်။

*Most Severely-Affected Townships – data from MOSWRR and MNPED*

| Rakhine | Chin | Sagaing | Magway | Ayeyarwaddy | Bago | Yangon | Kachin |
|---|---|---|---|---|---|---|---|
| Buthidaung | Tedim | Kale | Pwintbyu | Ingapu | Monyo | Taikkyi | Mogaung |
| Ann | Paletwa | Tamu | Sidoktaya | Hinthada | Thayarwaddy | | |
| Maungdaw | Mindat | Kalewa | Aunglan | Yegyi | Letpadan | | |
| Mrauk-U | Hakha | Kawlin | Gangaw | Kyaunggon | Padaung | | |
| Minbya | Tonzang | | Ngape | Zalun | | | |
| Rathedaung | Falam | | | | | | |
| Ponnagyun | Kanpetlet | | | | | | |
| Pauktaw | Matupi | | | | | | |
| Kyauktaw | Thantlang | | | | | | |
| Sittwe | | | | | | | |
| Kyaukpyu | | | | | | | |

အထက်ဖော်ပြပါဇယားရှိ အထိခိုက်ဆုံးမြို့နယ် (၄၀)သည် နိုင်ငံတစ်ဝှမ်း ထိခိုက်သည့် မြို့နယ်စုစုပေါင်း (၂၀၉)မြို့နယ်၏ ၂၀%ရှိပြီး လုံးဝပျက်စီးသည့် အိမ်ခြေစုစုပေါင်း၏ ၉၂%၊ စီးပွားရေးအရထိခိုက်ပျက်စီးဆုံးရှုံးမှုများ၏ ၇၅%၊ လုံးဝပျက်စီးသည့် ကျောင်းစုစုပေါင်း၏ ၈၃%၊ တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးအိမ်ခြေ စုစုပေါင်း၏ ၆၅%၊ လုံးဝပျက်စီးသည့် လယ်ယာမြေစုစုပေါင်း၏ ၆၄%ကို ကိုယ်စားပြုပါသည်။ ထို့ပြင် အဆိုပါမြို့နယ်များ၏ စီးပွားရေးအရထိခိုက် ပျက်စီးဆုံးရှုံးမှု ပျမ်းမျှတန်ဖိုးသည် ဘေးသင့်မြို့နယ်များအားလုံး၏ ပျမ်းမျှထိခိုက်ပျက်စီးဆုံးရှုံးမှုတန်ဖိုးထက် ၄ဆခန့် ပိုမိုမြင့်မားပါသည်။ အဆိုပါအုပ်စုသည် ဘေးသင့်နယ်မြေများရှိ အဆင်းရဲဆုံး မြို့နယ် ၄၀ အနက်မှ ၁၇ မြို့နယ်ပါဝင်ပါသည်။ အပြာရောင်ဖြင့် ဖော်ပြထားသော ထိခိုက်ပျက်စီးမှုအမြင့်မားဆုံး မြို့နယ် ၂၀သည် နိုင်ငံတစ်ဝှမ်း ထိခိုက်သည့် လုံးဝပျက်စီး အိမ်စုစုပေါင်း၏ ၈၂%၊ စီးပွားရေးအရ ထိခိုက်ပျက်စီးဆုံးရှုံးမှု စုစုပေါင်း၏ ၅၈%၊ လုံးဝပျက်စီးသည့် ကျောင်းစုစုပေါင်း၏ ၆၈%၊ တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးသည့်အိမ် စုစုပေါင်း၏ ၄၀% ရှိပါသည်။ အဆိုပါမြို့နယ်များ၏ စီးပွားရေးအရ ထိခိုက်ပျက်စီးဆုံးရှုံးမှု ပျမ်းမျှတန်ဖိုးသည် ဘေးသင့်မြို့နယ်အားလုံး၏ ပျမ်းမျှထိခိုက်ဆုံးရှုံးမှုပျမ်းမျှတန်ဖိုးထက် ၆.၄ ဆပိုများပါသည်။ အဆိုပါ ထိခိုက်ပျက်စီးမှု အမြင့်မားဆုံး မြို့နယ် ၂၀တွင် ဆင်းရဲမှုနှုန်းအမြင့်ဆုံး မြို့နယ် ၄၀ အနက်မှ ၁၂ မြို့နယ် ပါဝင်နေပါသည်။

ထိပ်ဆုံးတွင်ဖော်ပြထားသော မြို့နယ်များမှာ အဆောက်အဦ ထိခိုက်ပျက်စီးမှုနှင့် စီးပွားရေးအရ ထိခိုက်ပျက်စီးဆုံးရှုံးမှုအများဆုံးခံစားကြရသော မြို့နယ်များဖြစ်ပါသည်။ အဆိုပါမြို့နယ်များမှာ ပွင့်ဖြူ၊ အမ်း၊ မြောက်ဦး၊ ကလေး၊ ဟားခါးနှင့် မင်းပြားတို့ ဖြစ်ပါသည်။ သို့သော်လည်း ထိပ်ဆုံးတွင် ဖော်ပြထားသောမြို့နယ်အများစုမှာ ၎င်းတို့၏ GDP ရာခိုင်နှုန်းနိမ့်ကျမှုကြောင့် ဖြစ်ပြီး ၎င်းမြို့နယ်များမှာ တီးတိန် (တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ၂၀၀

နှုန်း)၊ မောင်တော (တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၃၀ နှုန်း)၊ ပလက်ဝ (တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၄၆ နှုန်း) ဖြစ်ပါသည်။ ဆင်းရဲသောဒေသများတွင် ခုခံနိုင်စွမ်းအနည်းပါးဆုံးသူများကို ဖော်ထုတ်ကာ ပံ့ပိုးကူညီပေခြင်းကို ဦးစားပေးပြုလုပ်သွားမည်ဖြစ်ပါသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ၁၆ ဘီလီယံ ကျပ် (အမေရိကန်ဒေါ်လာ ၁၃.၇ သန်း)သုံးစွဲခဲ့ပြီး ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်နေ့ အစီရင်ခံစာတွင် ဖော်ပြထားသော တိုင်းဒေသကြီး/ပြည်နယ်များအလိုက် သုံးစွဲပြီးဖြစ်သော အသုံးစရိတ်များနှင့် လက်ရှိ အသုံးစရိတ်များကို အောက်ပါဇယားဖြင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။

*Government Expenditures – Data from MOSWRR, MOE, State and Region Governments*

| State/Region | Expenditures, 24 August (MMK) | Expenditures, 31 August (MMK) | Increase in expenditures (MMK) | State/Region exp. as Percentage of Total exp. | Percentage increase since previous report [desc.] |
|---|---|---|---|---|---|
| Sagaing | 230,320,660 | 1,303,413,799 | 1,073,093,139 | 8% | 466% |
| Chin | 172,787,968 | 751,144,610 | 578,356,642 | 5% | 335% |
| Magway | 522,578,650 | 1,718,786,550 | 1,196,207,900 | 11% | 229% |
| Ayeyarwaddy | 1,891,719,004 | 5,337,048,520 | 3,445,329,516 | 33% | 182% |
| Rakhine | 828,921,824 | 1,570,103,970 | 741,182,146 | 10% | 89% |
| Kayin | 126,039,390 | 193,702,850 | 67,663,460 | 1% | 54% |
| Kachin | 149,080,840 | 217,720,120 | 68,639,280 | 1% | 46% |
| Shan | 395,608,822 | 577,504,025 | 181,895,203 | 4% | 46% |
| Yangon | 383,871,490 | 498,884,050 | 115,012,560 | 3% | 30% |
| Mandalay | 203,349,310 | 247,626,73 | 44,276,863 | 2% | 22% |
| Bago | 3,003,955,372 | 3,494,512,760 | 490,557,388 | 22% | 16% |
| Mon | 126,377,570 | 126,377,570 | 0 | 1% | 0% |
| **Total** | **8,034,610,900** | **16,036,824,997** | **8,002,214,097** | **100%** | **100%** |

အသုံးစရိတ်အများဆုံးတိုးမြှင့်သည့်ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးတွင် အစီရင်ခံသည့်ကာလအတွင်း ကျပ် (၃.၅) ဘီလီယံ သုံးစွဲခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် အစီရင်ခံသည့်ကာလအတွင်း ၄၆၆% တိုးမြှင့်သုံးစွဲထားသည်ကို တွေ့ရှိရပါသည်။ မွန်ပြည်နယ်သည် တခြားသော တိုင်းဒေသကြီး/ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက ထိခိုက်ပျက်စီး ဆုံးရှုံးမှုအနည်းဆုံး၍ ၎င်းပြည်နယ်အစိုးရမှ ကိုင်တွယ်ဆောင်ရွက်နိုင်သော ပမာဏဖြစ်ပြီး ကယ်ဆယ်ရေးစခန်းများအားလုံးလည်း ပိတ်သိမ်းပြီး ဖြစ်သဖြင့် အသုံးစရိတ်ရာခိုင်နှုန်း တိုးတက်မှုမရှိခြင်းဖြစ်ပါသည်။

## ရံပုံငွေဖြန့်ခွဲသုံးစွဲခြင်းကဏ္ဍ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့မှ တုံ့ပြန်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စုစုပေါင်း ၈၀ ဘီလီယံ ကျပ် (အမေရိကန်ဒေါ်လာ ၆၈ သန်း) ထောက်ပံ့ပေးမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ၃၈.၈ ဘီလီယံ ကျပ် (အမေရိကန်ဒေါ်လာ ၃၃ သန်း)(နိုင်ငံတော်သမ္မတ အရေးပေါ်ရံပုံငွေမှ ကျပ် ၂၂.၈ ဘီလီယံ၊ ပြည်ထောင်စုအစိုးရမှ ကျပ် ၃.၂ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၊ အလှူရှင်များနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကျပ် ၁၂.၈ ဘီလီယံအပါအဝင်)ခွဲဝေသတ်မှတ်ပေးပြီးဖြစ်ပါသည်။ ကုလသမဂ္ဂ အဖွဲ့၏ Central Emergency Response Fund (CERF)အပါအဝင် နိုင်ငံတကာမှ ရံပုံငွေ အမေရိကန်ဒေါ်လာ ၃၅ သန်း ရရှိပြီးဖြစ်ပါသည်။ အခြားကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ၊ နိုင်ငံတကာ ပုဂ္ဂလိကကဏ္ဍနှင့် အလှူရှင်များမှ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး

လုပ်ငန်းများအတွက် ၎င်းတို့၏ထောက်ပံ့ကူညီပေးနေမှုများနှင့် အရင်းအမြစ်ဖြန့်ခွဲထားရှိမှုများကို အသိပေးကြေညာထားခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် နိုင်ငံတကာ ပုဂ္ဂလိကကဏ္ဍတို့မှ စုစုပေါင်း ခန့်မှန်းအလှူငွေ အမေရိကန်ဒေါ်လာ ၃.၄ သန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရရှိခဲ့ပြီး ဖြစ်ပါသည်။

## အခိုအကာနှင့် ကယ်ဆယ်ရေးကဏ္ဍ

### စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေး

World Food Programme (WFP)မှ သတင်းအချက်အလက်များအရ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စားနပ်ရိက္ခာ ၃,၃၃၈ မက်ထရစ်တန်ကို ဘေးသင့်လူဦးရေ ၄၅၀,၈၇၉ ဦးထံ ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါသည်။ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ မြို့နယ်များတွင် စားနပ်ရိက္ခာများ ဆက်လက်ဖြန့်ဖြူးပေးနေဆဲဖြစ်ကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် စက်တင်ဘာလအစောပိုင်းတွင် စားနပ်ရိက္ခာ ပံ့ပိုးဖြန့်ဝေခြင်းကို အပြီးသတ်ဆောင်ရွက်သွားလိုကြောင်း သိရပါသည်။ ရေဘေးကြောင့် လယ်ယာမြေ ၁,၄၄၆,၅၂၀ ဧကရေနစ်မြုပ်ခဲ့ပြီး ၁,၁၁၃,၀၆၉ ဧက ထိခိုက်ပျက်စီးခဲ့ကာ ၎င်းအနက်မှ ၃၅၅,၇၃၅ ဧကမှာ ပြန်လည်စိုက်ပျိုးပြီးဖြစ်ပါသည်။ သို့သော်လည်း ရေဘေးသင့်ဒေသများအတွင်း လယ်ယာမြေထိခိုက်ပျက်စီးမှုများကိုသုံးသပ်ကြည့်ပါက မြို့နယ်အနည်းငယ်တွင်သာ လယ်ယာမြေပျက်စီးမှုများပြားခြင်းကို တွေ့ရှိရသဖြင့် မည်သည့်နေရာဒေသတွင် စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်သင့်ကြောင်း ဆုံးဖြတ်နိုင်မည်ဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များအတွင်း လယ်ယာမြေထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏအလိုက် ထိခိုက်ပျက်စီးဆုံးရှုံးမှုအများဆုံးသော မြို့နယ်များကို အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။ ဇယားပါ မြို့နယ် ၄၀ သည် သီးနှံထိခိုက်ပျက်စီးမှု အများဆုံးဖြစ်ပြီး ရေဘေးသင့်ဒေသများရှိ စုစုပေါင်း လယ်ယာမြေထိခိုက်ပျက်စီးမှုပမာဏ၏ ၈၅%ကို ကိုယ်စားပြုပါသည်။ ပျက်စီးမှုပမာဏအများဆုံးသော မြို့နယ် ၂၀ကို အပြာရောင်ဖြင့် ဖော်ပြထားပါသည်။

*Top 40 Townships, destroyed farmland per capita (destroyed farmland in acres) – Data from MOAI*

| Rakhine | Ayeyarwaddy | Bago | Magway | Sagaing | Yangon | Kachin |
|---|---|---|---|---|---|---|
| Mrauk-U<br>75,242 | Yegyi<br>31,054 | Monyo<br>17,756 | Pwintbyu<br>35,084 | Kawlin<br>26,556 | Taikkyi<br>40,022 | Mogaung<br>8,289 |
| Kyauktaw<br>41281 | Myanaung<br>33,966 | Thayarwaddy<br>20,896 | Gangaw<br>14,259 | Kale<br>39,809 | Htantabin<br>7,930 | |
| Minbya<br>36,079 | Ingapu<br>30,267 | Shwedaung<br>13,824 | Sidoktaya<br>4,267 | Tamu<br>7,884 | | |
| Ann<br>11,397 | Kyaunggon<br>17,502 | Minhla<br>13,246 | | Wetlet<br>8,972 | | |
| Ponnagyun<br>10,094 | Ngaungdon<br>19,076 | Letpadan<br>18,538 | | Kanbalu<br>10,968 | | |
| Myebon<br>8,550 | Lemyethna<br>8,481 | Gyobingauk<br>8,829 | | Mingin<br>4,356 | | |
| Buthidaung<br>16,664 | Zalun<br>12,160 | Thegon<br>8,763 | | | | |
| Pauktaw<br>7,424 | Danubyu<br>11,143 | Okpho<br>5,771 | | | | |
| | Thabaung<br>7,263 | Shwegyin<br>3,583 | | | | |
| | | Zigon<br>2,955 | | | | |
| | | Paungde<br>5,562 | | | | |

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ဆိုင်ကလုန်းကိုမန်နှင့် ရေလွှမ်းမိုးမှုများကြောင့် စိုက်ပျိုးရေးကဏ္ဍထိခိုက်ပျက်စီးမှုကို ဆန်းစစ်လေ့လာမှုပြုလုပ်နေပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် စားနပ်ရိက္ခာဖူလုံမှုကဏ္ဍတွင်လည်း လာမည့်မုတ်သုံရာသီမတိုင်မီထိ ကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် သက်မွေးလုပ်ငန်းဆိုင်ရာပစ္စည်းများကို ပံ့ပိုးပေးသွားမည်ဖြစ်ပါသည်။

### အခိုအကာနှင့် အစားအစာမဟုတ်သောလူသုံးကုန်ပစ္စည်းများ

ရေဘေးသင့်ဒေသတစ်ဝန်းတွင် တစ်စိတ်တစ်ပိုင်းနှင့် လုံးဝထိခိုက်ပျက်စီးအိမ်ခြေစုစုပေါင်း ၄၇၆,၂၄၂ လုံးရှိပြီး ၎င်းအနက်မှ ၁၇,၇၆၄ လုံး သည် လုံးဝပျက်စီးအိမ်ခြေ ဖြစ်ပါသည်။ လက်ရှိကာလအထိ နိုင်ငံတော်အစိုးရအနေဖြင့် ဘေးသင့်ဒေသများအတွင်း အခိုအကာနှင့် အစားအစာ မဟုတ်သောလူသုံးကုန်ပစ္စည်းများ အတွက် ကျပ် ၂.၆ ဘီလီယံ ထောက်ပံ့ပေးခဲ့ပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်အစိုးရမှ လှူဒါန်းသော မိုးကာတဲ ၁၀၀၀အနက်မှ ၉၈၁ လုံးကို ချင်းပြည်နယ်သို့လည်းကောင်း၊ Dehong ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လှူဒါန်းသော မိုးကာတဲ ၁၂၀ လုံးနှင့် တာပေါ်လင် ၁၅၀ လိပ် တို့ကို မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့သို့လည်းကောင်း၊ JICA မှလှူဒါန်းသော အိပ်ယာခင်း ၁၀၀၀နှင့် တာပေါ်လင် ၃၀ လိပ်တို့ကို ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးသို့လည်းကောင်း၊ The Royal Thai Family မှ လှူဒါန်းသော မိုးကာတဲ ၉၈၉ လုံးနှင့် ပလတ်စတစ်အခင်း ၅၅၀ အနက်မှ ပလတ်စတစ်အခင်း ၂၅၀ ကို ဧရာဝတီတိုင်းဒေသကြီးသို့လည်းကောင်း ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါသည်။ ကုလသမဂ္ဂ အခိုအကာအစုအဖွဲ့ Shelter Cluster မှ သတင်းအချက်အလက်များအရ လူသား

ချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် အလျှင် အမြန်တုံ့ပြန်မှုလုပ်ငန်းတစ်ရပ်အနေဖြင့် basic shelter kits ၅၆၁၉စုံ၊ တာပေါ် လင် ၂၅၀၄ လိပ်၊ မိုးကာတဲ ၂၂၄၉ လုံး၊ အစားအစာမဟုတ်သော လူသုံးကုန်ပစ္စည်း ၇၈၆၈ ခုတို့ကို ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။ လက်ရှိ အချိန်တွင် ရေဘေးစတင်ဖြစ်ပွားသည်မှစပြီး ရက်သတ္တပတ် ၆ ပတ် ကြာမြင့်ခဲ့ပြီဖြစ်၍ အခိုအကာကဏ္ဍဆိုင်ရာဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များတွင် ရေးဦးပြန်လည်ထူထောင်ရေးနှင့် ရွှေ့ပြောင်းမိသားစုများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးရေးတို့ ပါဝင်လာပြီ ဖြစ်ပါသည်။ ရွှေ့ပြောင်း မိသားစုအများစုမှာ ကယ်ဆယ်ရေးစခန်းများတွင်ပင် ဆက်လက် နေထိုင်လျက်ရှိပြီး ရွှေ့ပြောင်းလူဦးရေ အရေအတွက်မှာ တည်ငြိမ်မှုမရှိသေးပါ။

*Top 40 Townships, Shelter Damage (destroyed houses / damaged houses) – Data from MOSWRR*

| Rakhine | Ayeyarwaddy | Sagaing | Chin | Magway | Bago | Yangon |
|---|---|---|---|---|---|---|
| Buthidaung<br>2259 / 38451 | Hinthada<br>492 / 11665 | Kale<br>1215 / 18989 | Paletwa<br>950 / 1900 | Pwintbyu<br>361 / 25358 | Monyo<br>110 / 17015 | Taikkyi<br>0 / 13631 |
| Mrauk-U<br>503 / 41658 | Ingapu<br>86 / 17591 | Kawlin<br>13 / 14241 | Hakha<br>853 / 853 | Salin<br>0 / 9479 | Thayarwadd<br>y<br>66 / 9352 | |
| Maungdaw<br>504 / 29880 | Yegyi<br>31 / 15123 | Mingin<br>94 / 7465 | Tedim<br>440 / 440 | Aunglan<br>75 / 7171 | Shwedaung<br>10 / 9693 | |
| Rathedaung<br>1631 / 1631 | Kyaunggon<br>7 / 13777 | Kani<br>69 / 7409 | | | Letpadan<br>10 / 7774 | |
| Minbya<br>1200 / 2400 | Ngaungdon<br>58 / 11150 | Tamu<br>385 / 1461 | | | Padaung<br>0 / 7076 | |
| Pauktaw<br>1245 / 1501 | Zalun<br>21 / 8837 | Monywa<br>9 / 8043 | | | | |
| Ann<br>907 / 3476 | Lemyethna<br>11 / 6162 | Indaw<br>12 / 7148 | | | | |
| Kyauktaw<br>818 / 3343 | Kyangin<br>174 / 2750 | Kalewa<br>192 / 3731 | | | | |
| Ponnagyun<br>662 / 1996 | Kangyidaunt<br>0 / 5529 | Salingyi<br>4 / 6527 | | | | |
| Sittwe<br>681 / 681 | | | | | | |

အထက်ဖော်ပြပါဇယားတွင် လုံးဝပျက်စီးအိမ်ခြေနှင့် တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးအိမ်ခြေစုစုပေါင်းကို အခြေခံတွက်ချက်မှုအရ မြို့နယ်များ၏အခိုအကာ ကဏ္ဍထိခိုက်ပျက်စီးမှုပမာဏအနည်းအများအလိုက် စီစဉ်ဖော်ပြထားပါသည်။ အဆိုပါမြို့နယ် ၄၀ သည် နိုင်ငံတစ်ဝန်း၌ လုံးဝပျက်စီးအိမ်စုစုပေါင်း၏ ၉၁%၊ တစ်စိတ်တစ်ပိုင်းနှင့် လုံးဝပျက်စီးအိမ်စုစုပေါင်း၏ ၈၄%ပါဝင်ပြီး ၎င်းမြို့နယ်များသည် အခိုအကာနှင့် အစားအစာမဟုတ်သော လူသုံးကုန်ပစ္စည်းများ ဦးစားပေးထောက်ပံ့ရန် လိုအပ်မည်ဖြစ်ပါသည်။ အခိုအကာကဏ္ဍထိခိုက်ပျက်စီးမှုအများဆုံးသော မြို့နယ်များကို အပြာရောင်ဖြင့် ဖော်ပြထားပါသည်။

ထိခိုက်ပျက်စီးမှုအများဆုံးသော မြို့နယ်များကို အုပ်စု ၂စုခွဲကြည့်ပါက လုံးဝပျက်စီးအိမ်ခြေအရေအတွက်ကိုဖော်ပြထားသော ပျက်စီးဆုံးရှုံးမှုပမာဏကြီးမားသည့် အုပ်စုတစ်စုနှင့် တစ်စိတ်တစ်ပိုင်းနှင့်လုံးဝပျက်စီးအိမ်ခြေပမာဏကိုဖော်ပြထားသော အုပ်စုတစ်စုရှိမည်ဖြစ်ပါသည်။ ထောက်ပံ့ရန်လိုအပ်မည့် ထိခိုက်ပျက်စီးမှုပြင်းထန်သော မြို့နယ်များမှာ ရသေ့တောင်၊ မင်းပြား၊ ပလက်ဝ၊ ဟားခါး၊ တီးတိန်၊ ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ စစ်တွေနှင့် ပေါက်တောတို့ ဖြစ်ကြပါသည်။ အခိုအကာ ထိခိုက်ပျက်စီးမှုပြင်းထန်သည့် အခြားမြို့နယ်များမှာ တိုက်ကြီး၊ ညောင်တုန်း၊ ရေကြည်၊ အင်္ဂပူ၊ စလင်း၊ ပန်းတောင်း၊ မြောက်ဦးနှင့် မောင်တောတို့ဖြစ်ပြီး အဆိုပါမြို့နယ် အများစုတွင် လုံးဝပျက်စီးသည့်အိမ်အရေအတွက် မရှိသလောက် နည်းပါးပါသည်။ ခြွင်းချက်အနေဖြင့် ဘူးသီးတောင်နှင့် ကလေးမြို့များသည် တစ်စိတ်တစ်ပိုင်းပျက်စီးသည့်အိမ်နှင့် လုံးဝပျက်စီးသည့်အိမ်အရေအတွက်တို့ ရောထွေးများပြားနေသည်ကိုတွေ့ရပါသည်။ ထိခိုက် ပျက်စီးမှုပုံစံကွဲပြားမှုများကြောင့် အဆိုပါ ဘေးသင့်ဒေသများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလိုအပ်ချက်များပြည့်မီစေရန်အတွက် အမျိုးမျိုးသော မတူညီကွဲပြားသည့် လုပ်ငန်းစဉ်များလုပ်ဆောင်ရန် လိုအပ်ပါသည်။

## ကာကွယ်စောင့်ရှောက်ရေး

လူမှုဝန်ထမ်းဦးစီးဌာနသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဒေသအဆင့်ကာကွယ်စောင့်ရှောက်ရေးညှိနှိုင်းမှုဌာန sub-national Protection Coordination Hubs များတည်ထောင်ရန် အလျှင်အမြန်ဆောင်ရွက်ရမည့် အထူးအဖွဲ့ surge teams များကို စေလွှတ်ထားပြီး ဖြစ်ပါသည်။ အထူးသဖြင့် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းသူများ၏လိုအပ်ချက်သည် အတိုင်းအတာ တစ်ရပ်ထိ ရှိနေဆဲဖြစ်ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ရေဘေးသင့်ဒေသများတွင် စိတ်ပိုင်းဆိုင်ရာ လူမှုရေး ထောက်ပံ့အားပေးမှုနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။ နည်းပညာဆိုင်ရာအဖွဲ့များနှင့် လူမှုရေးလုပ်သားများအား ကလေးပျော်နေရာများ၊ အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်များအတွက် သင့်လျော်သောနေရာများနှင့် အကာအကွယ်မဲ့သူများအား တာဝန်ယူစောင့်ရှောက်ပေးနိုင်မည့်အဖွဲ့အစည်းများထံသို့ လွှဲပြောင်းရေးလုပ်ငန်းစဉ်များမှတစ်ဆင့် ကလေးသူငယ်များ၊ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ထောက်ပံ့ဖြည့်ဆည်းပေးရန်အတွက် စေလွှတ်ထားပြီးဖြစ်ပါသည်။ အမျိုးသမီးများ၊ မိန်းကလေးငယ်များအားပံ့ပိုးကူညီပေးရာတွင် အတွေ့အကြုံကောင်းများအား အသိပညာပေးမျှဝေရန်အတွက် စိတ်လူမှုရေးဆိုင်ရာ ကနဦးအကူအညီပေးမှုအသိပညာပေးစာစောင်များကို လူမှုရေးဝန်ဆောင်မှုပေးသူများထံ ဖြန့်ဝေရန် ပြုစုပြီးဖြစ်ပါသည်။ လူကုန်ကူးမှုတားဆီး ကာကွယ်ခြင်းဆိုင်ရာလက်ကမ်းစာစောင်များကိုလည်းဝေမျှပေးခဲ့ပြီး အမျိုးသမီးများတစ်ကိုယ်ရည်သုံး သန့်ရှင်းရေးပစ္စည်းများဖြန့်ဝေရာတွင်လည်း ထည့်သွင်း

ဖြန့်ဝေသွားမည် ဖြစ်ပါသည်။ ဝေးလံသော၊ သွားလာရခက်ခဲသော ဒေသများသို့ သွားရောက်၍ စိတ်ပိုင်းဆိုင်ရာ လူမှုရေးစောင့်ရှောက်မှုပေးရန် ခက်ခဲလျက်ရှိပါသည်။ ရေဘေးသင့်ဒေသများရှိ အမျိုးသမီးများ၊ မိန်းကလေးငယ်များအနေဖြင့် အမျိုးသမီးများ တစ်ကိုယ်ရည်သုံးသန့်ရှင်းရေး ပစ္စည်းများ လိုအပ်နေဆဲ ဖြစ်ပါသည်။

## ကျန်းမာရေး၊ အာဟာရနှင့် သန့်ရှင်းရေးကဏ္ဍ

### ကျန်းမာရေး

ကုလသမဂ္ဂ ကျန်းမာရေးအစုအဖွဲ့မှ သတင်းအချက်အလက်များအရ ရေဘေးသင့်ဒေသများရှိ ဘေးသင့်လူဦးရေ ၁.၆ သန်းကျော်သည် ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် လိုအပ်လျက်ရှိပြီး ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်နိုင်ရန်နှင့် မျိုးဆက်ပွား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းအချက်အလက်များအရ ကျန်းမာရေး ဆေးပေးခန်း ၂၂၄ ခု ပျက်စီးကြောင်း၊ ၎င်းတို့အနက်မှ ကျန်းမာရေးဆေးပေးခန်း ၉ခုသည် ပုံမှန်လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသေးကြောင်း သိရှိရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများအနေဖြင့် ရေဘေးသင့်ဒေသများကို သွားရောက်နိုင်ရေး အခက်အခဲများ ကြုံတွေ့ရလျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ တင်ပြသည်မှာ လေ့ကျင့်သင်တန်းပေးထားသော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကျွမ်းကျင်သူများမရှိခြင်း၊ အထူးသဖြင့် အမျိုးသမီးကျန်းမာရေးဆရာမများ မရှိခြင်းသည် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများပေးရန် လိုအပ်မှုများရှိနေဆဲ ဖြစ်ပါသည်။

ကူးစက်ရောဂါများမဖြစ်ပွားစေရန်အတွက် ကယ်ဆယ်ရေးစခန်းစီမံခန့်ခွဲမှုကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဗဟိုကူးစက်ရောဂါဌာနမှ အလျင်အမြန်တုံ့ပြန်ရေးအဖွဲ့ Rapid Response Teams (RRT)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ နေအိမ်များသို့ ပြန်သွားသော ရေဘေးသင့်ပြည်သူများအနေဖြင့်လည်း ရေကြောင့်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများ ဖြစ်ပွားနိုင်ခြေရှိနေပြီး သန့်ရှင်းသော သောက်သုံးရေများနှင့် သန့်ရှင်းရေးပစ္စည်းများရရှိရန် အခက်အခဲဖြစ်လျက်ရှိနေပါသည်။ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် ကူးစက်ရောဂါများတားဆီးကာကွယ်ရေးအတွက် အရေးကြီးသကဲ့သို့ သွေးလွန်တုပ်ကွေးကဲ့သို့သော အင်းဆက်ကြောင့်ဖြစ်သည့် ကူးစက်ရောဂါများ၊ ဂျပန်ဦးနှောက်ရောင်ရမ်းနာရောဂါများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ရေဘေးသင့်ဒေသများတွင် ပုံမှန်ကာကွယ်ဆေးထိုးခြင်းများနှောင့်နှေးနေပြီး ကာကွယ်ဆေးများ ထိန်းသိမ်းသယ်ဆောင်သည့်ပစ္စည်းများမှာလည်း ပျက်စီးသွားခဲ့သော်လည်း ယခုအခါ ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နေပြီ ဖြစ်ပါသည်။

။

*Damage to Health Facilities, 31 August 2015 – Ministry of Health*

| State/Region | Damaged Health facilities [desc.] | Facilities with loss of medicine and damaged equipment | Non-functioning health facilities |
|---|---|---|---|
| Ayeyarwaddy | 98 | 2 | 1 |
| Rakhine | 69 | 25 | 2 |
| Bago | 25 | 3 | |
| Sagaing | 13 | 19 | 5 |
| Magway | 11 | 8 | |
| Chin | 7 | 2 | 1 |
| Yangon | 1 | | |
| Shan | | 1 | |
| **Total** | **224** | **60** | **9** |

ကူးစက်ရောဂါများ ကူးစက်ပြန့်ပွားမှုအတွက် ကြိုတင်သတိပေးခြင်းနှင့် တုံ့ပြန်ခြင်းစနစ် Early Warning Alert and Response System (EWARS)ကို တည်ထောင်ထားသော်လည်း ရေရှည်တည်တံ့ရန်နှင့် အားကောင်းခိုင်မာရန် လိုအပ်နေဆဲဖြစ်ပါသည်။ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် လူမှုရေးအသင်းအဖွဲ့များအနေဖြင့် EWARS စနစ်ပိုမိုအားကောင်းခိုင်မာစေရန် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမြင့်မားသည့်ကာလအတွင်း စောင့်ကြည့်စစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အဆိုပါဒေသအတွင်း ရေဘေးကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိကြောင်း သိရပါသည်။

ဩဂုတ် ၃၁ ရက်နေ့စာရင်းများအရ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ဆောင်ပေးရန်နှင့် ကူးစက်ရောဂါများဖြစ်ပွားခြင်းကို တားဆီးကာကွယ်ရန် ရေဘေးသင့်ဒေသများတွင် စုစုပေါင်း ရွှေ့လျား ဆေးပေးခန်း ၃၇၉ခုနှင့် ယာယီဆေးပေးခန်း ၁,၁၁၁ ခုကို တည်ထောင်ထားပြီး ပြင်ပလူနာပေါင်း ၂၂၃,၂၀၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီးဖြစ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးစိမ်ခြင်ထောင် ၃,၄၃၀ လုံး၊ သန့်ရှင်းရေးသုံးပစ္စည်းထုပ် ၃၀ ထုပ်၊ Bascabe lotion ၂၀၀၀ ဗူးနှင့် ယားနာပျောက်ဆေး ၁၀,၀၀၀ ဗူးတို့ကို ဖြန့်ဝေပေးပြီးဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် သန့်ရှင်းရေးသုံးပစ္စည်းထုပ် ၄၀၀ အပါအဝင် အရေးပေါ် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပစ္စည်းထုပ်များကို ဖြန့်ဝေပေးပြီးဖြစ်ပါသည်။ ရေဘေးသင့်ဒေသများသို့ သန့်ရှင်းရေးသုံးပစ္စည်းထုပ် ၂၆၀၀ အပြင် မျိုးဆက်ခြားပစ္စည်းများ၊ ဆေးဝါးများ၊ မီးယပ်သားဖွားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ ဖြန့်ဝေပြီးဖြစ်ပါသည်။

ဆေးပေးခန်းများ၊ ကာကွယ်ဆေးထိုးခြင်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများ၊ အာဟာရဖြည့်စွက်ခြင်းလုပ်ငန်းများအပါအဝင် ကျန်းမာရေးဆိုင်ရာ ပစ္စည်းများနှင့် စောင့်ရှောက်ကုသပေးခြင်းလုပ်ငန်းများအား လျှင်မြန်စွာ ပြန်လည်ထိန်းသိမ်းထူထောင်ပေးရန်လည်း အရေးကြီးပါသည်။သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါသည်များအား အထူးကျန်းမာရေးစောင့်ရှောက်မှုများပေးရန်နှင့် ကိုယ်ဝန်ဆောင်မိခင်များအား သန့်ရှင်းရေးသုံးပစ္စည်းများဖြန့်ဝေပေးခြင်းအပါအဝင် ခုခံနိုင်စွမ်းနည်းပါးသူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေး

ရန်ကိုလည်း ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စများအဖြစ် သတ်မှတ်ကြရမည်ဖြစ်ပါသည်။

*Response in the Health Sector, 31 August 2015 – Ministry of Health*

| State/Region | No. Mobile Clinics | No. Temporary Clinics |
|---|---|---|
| Ayeyarwaddy | 208 | 196 |
| Sagaing | 86 | 340 |
| Rakhine | 35 | 77 |
| Bago | 26 | 199 |
| Magway | 5 | 82 |
| Yangon | 2 | 30 |
| Mandalay | 8 | 50 |
| Chin | 9 | 13 |
| Kachin | | 14 |
| Mon | | 85 |
| Shan | | 13 |
| Kayin | | 12 |
| **Total** | **379** | **1,111** |

## အာဟာရဖြည့်စွက်ခြင်း

အသက် ၅ နှစ်အောက် ကလေး ခန့်မှန်းခြေ ၁၄၃,၀၀၀ဦးသည် ရေဘေးကြောင့် ထိခိုက်ခံစားခဲ့ရပြီး ရေဘေးသင့်ဒေသများ အထူးသဖြင့် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အာဟာရချို့တဲ့မှုသည် အဓိကဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် ခန့်မှန်းခြေ ကိုယ်ဝန်ဆောင်မိခင် ၆၀,၀၀၀ နှင့် နို့တိုက်မိခင်များ (ဘေးသင့်လူဦးရေ ၁.၆ သန်းပေါ်အခြေခံ တွက်ချက်ထားပါသည်) ရေဘေးကြောင့် ထိခိုက်ခံစားခဲ့ရပါသည်။ ပြည်တွင်းရှိ UN, INGO, NGO, LNGOများ ပူးပေါင်းဆောင်ရွက်ခဲ့သော ကဏ္ဍပေါင်းစုံကနဦးလိုအပ်ချက်လေ့လာဆန်းစစ်မှု Multi - agency Initial Rapid Assessment (MIRA)အရ ရေဘေးသင့်ဒေသများတွင် အသက် ၂ နှစ်အောက်ကလေးများ၏ မိဘများနှင့် စောင့်ရှောက်သူ ၂၀%သည် ၎င်းတို့ကလေးများအား အစာအာဟာရကျွေးမွေးရန် အခက်အခဲရှိနေကြောင်းနှင့် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် အဆိုပါကိစ္စမှာ ၄၀% ဖြစ်ပေါ်နေကြောင်း သိရပါသည်။ အဆိုပါ တွေ့ရှိချက်များသည် ရေဘေးမဖြစ်မီ ရှိနှင့်ပြီးသော ရခိုင်ပြည်နယ်၏အာဟာရအခြေအနေနှင့် ကိုက်ညီနေပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ အစာအာဟာရအတွက် အာဟာရဖြည့်စွက်စာများ၊ အာဟာရဖြည့်စွက်ကုထုံးများ၊ ကလေးသူငယ်အာဟာရဖြည့်စွက်တိုက်ကျွေးခြင်းများကဲ့သို့သော ထောက်ပံ့မှုများပြုလုပ်ပေးလျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှလည်း Myanmar Health Assistant Association မှတစ်ဆင့် ထောက်ပံ့မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ လွန်ကဲစွာ အာဟာရချို့တဲ့မှုများကို ဖော်ထုတ်သတ်မှတ်ရန်နှင့် ပြည့်ဝအာဟာရ ဖြည့်စွက်စာများ ထောက်ပံ့ပေးရန် လေ့လာဆန်းစစ်လျက်ရှိပြီး ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မွေးကင်းစနှင့် ကလေးသူငယ်များကို အာဟာရဖြည့်စွက်တိုက်ကျွေးခြင်းတို့ကို ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

လတ်တလောဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ဖြည့်စွက်အာဟာရတိုက်ကျွေးခြင်း၊ အဏုအာဟာရဖြည့်မှုန့်များကို ကျယ်ပြန့်ထိရောက်စွာ ဖြန့်ဝေပေးခြင်း၊ မည်သူက၊ မည်သည့်နေရာတွင် မည်သည့်လုပ်ငန်းလုပ်ဆောင်သည်ဆိုသော(3Ws)မှအစီရင်ခံစာအရ အာဟာရဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ မရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ ဘေးသင့်လူဦးရေများ၏ အာဟာရပြည့်ဝမှုအခြေအနေနှင့် ပတ်သက်သည့် သတင်းအချက်အလက် များကို ရရှိရန်ဆောင်ရွက်ခြင်း စသည်တို့ ပါဝင်ပါသည်။

## သောက်သုံးရေနှင့် သန့်ရှင်းရေး

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဘေးသင့်လူဦးရေ ၅၀၀,၀၀၀ ကျော်ကို ဦးတည်ကာ အရေးပေါ်သောက်သုံးရေထောက်ပံ့ပေးခြင်းနှင့် ရေသန့်ဆေးပြားများဖြန့်ဝေပေးခြင်းတို့မှတစ်ဆင့် ရေကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါများ မဖြစ်ပွားစေရန် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနမှ ရေအရင်းအမြစ် ၁၂၄,၀၃၉ ခုကို ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်စင်စည်ပိုင်း ၂၆၇ခု၊ ကလိုရင်းဆေးပြား ၂၈,၈၀၀ ပြား၊ ကလိုရင်းဆေးမှုန့်ထုပ် ၁၈,၉၀၀ ထုပ် ၊ အိမ်သာအိုး ၁၉,၇၀၀ ခု တို့ကို ရေဘေးသင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ပြန်လည်သန့်စင်ပြုပြင်ပေးရမည့် ရေအရင်းအမြစ် ၁၁,၈၉၃ ရှိကြောင်း သတ်မှတ်ထားပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ရေအရင်းအမြစ် ၅၀၀ ကျော်အား ပြန်လည်သန့်စင်ရန်နှင့် ပြန်လည်ထူထောင်ပေးရန် ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကလိုရင်းဆေးပြား ၅၅၂,၀၀၀၊ ကလိုရင်းဆေးမှုန့် ၂၅၀ ကီလိုဂရမ်၊ ရေသန့်စင်ပစ္စည်း ၁၅ ခု၊ အိမ်သာအိုး ၂၅၀၀၀ တို့ကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါသည်။ ကုလသမဂ္ဂရေနှင့် သန့်ရှင်းရေးအစုအဖွဲ့ မိတ်ဖက်အဖွဲ့အစည်းများမှ ကယ်ဆယ်ရေးစခန်းများတွင် အရေးပေါ်အိမ်သာများ ထောက်ပံ့ပေးခဲ့ပြီး ရေတွင်းရေကန်များပြန်လည်သန့်စင်ရေးအတွက်လည်း ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ အရေးပေါ်မိသားစုသုံးရေသန့်စင်ဆေးပြားများ သိုလှောင်ထားရှိကြောင်း၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဝေးလံခေါင်ဖျားသောဒေသများသို့ သောက်သုံးရေနှင့် သန့်ရှင်းရေးဆိုင်ရာ ကူညီထောက်ပံ့မှုများရောက်ရှိနိုင်ခြင်း မရှိသေးကြောင်း သိရပါသည်။

| *Government Response in WASH – Ministry of Health* | |
|---|---|
| **State/Region** | **Pools/Wells chlorinated** |
| Ayeyarwaddy | 14,088 |
| Sagaing | 36,380 |
| Rakhine | 27,525 |
| Bago | 19,146 |
| Magway | 11,326 |
| Yangon | 3,213 |
| Mandalay | 4,518 |
| Chin | 126 |
| Kachin | 5,772 |
| Mon | 1,048 |
| Shan | 235 |
| Kayin | 662 |
| **Total** | **124,039** |

| *Government Response in WASH – Department of Rural Development* | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| State/ Region | Wells | | Hand Pumps | | Ponds and Lakes | | Others | | Total | | Estimated cost in million kyats |
| | not repaired | repaired | not repaired | repaired | not repaired | Repaired | not repaired | repaired | not repaired | repaired | |
| Kachin | 0 | 0 | | | 0 | 0 | 1 | | 1 | 0 | 0.5 |
| Chin | 0 | 0 | | | 0 | 0 | 41 | | 41 | 0 | 54.87 |
| Sagaing | 78 | 59 | 102 | 87 | 15 | 6 | 3505 | 462 | 3700 | 614 | 207.5 |
| Bago | 6 | 0 | 319 | 82 | 4 | 0 | | | 329 | 82 | 16.9 |
| Magway | 3479 | 1556 | | | 362 | 211 | 577 | | 4418 | 1767 | 140.71 |
| Mandalay | 1 | 0 | | | 0 | 0 | 13 | | 14 | 0 | 24.39 |
| Rakhine | 0 | 0 | | | 507 | 370 | | | 507 | 370 | 380.25 |
| **Total** | **3564** | **1615** | **421** | **169** | **888** | **587** | **4137** | **462** | **9010** | **2833** | **825.12** |

သောက်သုံးရေနှင့် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများသည် ရေနှင့်သန့်ရှင်းရေးဆိုင်ရာ ပြန်လည်သန့်စင်ပြုပြင်ခြင်း၊ ကျောင်းများ၊ ကျန်းမာရေး ဌာနများတွင် သောက်သုံးရေနှင့် သန့်ရှင်းရေးဆိုင်ရာများ ပြန်လည်ထူထောင်နိုင်ရေး ပံ့ပိုးကူညီပေးခြင်းနှင့် ဘေးသင့်ပြည်သူများ၏ ခုခံနိုင်စွမ်းအား မြင့်မားစေရေးအတွက် သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ပေးခြင်းတို့ အပါအဝင် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်အတူ ရှေးဦးပြန်လည်ထူထောင်ရေးသို့ ဦးတည်နေပြီ ဖြစ်ပါသည်။

## ပြန်လည်ထူထောင်ရေးကဏ္ဍ

### ရှေးဦးပြန်လည်ထူထောင်ရေး



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးစီး ဆောင်ရွက်နေသော ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ Recovery Coordination Centre (RCC)မှတစ်ဆင့် အမျိုးသားအဆင့် ပြန်လည်ထူထောင်ရေးစီမံချက် (National Recovery Plan)ကို ပံ့ပိုးကူညီပေးနိုင်ရန်အတွက် ရှေးဦးပြန်လည် ထူထောင်ရေးဆိုင်ရာ ဆန်းစစ်လေ့လာချက်ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် နေပြည်တော်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းညှိနှိုင်းရေးဗဟိုဌာနကို နေပြည်တော်၌လည်းကောင်း၊ ဌာနခွဲများကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း ကောင်းဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ (နိုင်ငံတော်ဒုတိယသမ္မတ ဦးဉာဏ်ထွန်းမှ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသော ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းရေးဌာနခွဲသို့ သွားရောက်ကာ လိုအပ်သည်များ လမ်းညွှန်မှာကြားနေပုံ - ယာဘက်) ပြန်လည် ထူထောင်ရေး လုပ်ငန်းညှိနှိုင်းရေးဗဟိုဌာန၏ ဖွဲ့စည်းပုံနှင့် အဓိက လုပ်ဆောင်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၈ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ RCCမှ အဓိကလုပ်ဆောင်မည့်လုပ်ငန်းများမှာ လိုအပ်မှုဆန်းစစ်ချက်များ၊ စီမံကိန်းရေးဆွဲခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း၊ သတင်းအချက်အလက်ဖြန့်ဖြူးခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ကဏ္ဍအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့များကို အဓိကလုပ်ငန်းဆောင်ရွက်မှု များအား ပံ့ပိုးရန် ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ယေဘုယျအားဖြင့် ရေဘေးသင့်ပြည်သူအားလုံးသည် ၎င်းတို့၏ အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်း၊ အခြေခံ သန့်ရှင်းရေးနှင့် ရှေးဦးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည်တို့နှင့် ပတ် သက်သည့် သတင်းအချက်အလက်များကို


လိုအပ်နေပါသည်။ ဩဂုတ် ၃ ရက် နေ့မှစတင်၍ မြန်မာ့အသံနှင့် BBC Media Action တို့ပူးပေါင်းပြီး "ရှင်သန်ခြင်းကမ်းလက်များအစီအစဉ်"ကို ထုတ်လွှင့်ပေးလျက်ရှိပါသည်။ အဆိုပါ အစီအစဉ်သည် ရေဘေးသင့်ဒေသရှိ ပြည်သူ ၈.၂ သန်းကို လွှမ်းခြုံ ထုတ်လွှင့် ပေးနေပါသည်။ ထို့ပြင် ပြည်တွင်းရှိ UN, INGO, NGO, LNGOများ ပူးပေါင်း ဆောင်ရွက်ခဲ့သော ကဏ္ဍပေါင်းစုံ ကနဦးလိုအပ်ချက်လေ့လာဆန်းစစ်မှု Multi-Sectoral Initial Rapid Assessment (MIRA)မှရရှိသော သတင်းအချက်အလက်များအရ ပြည်သူများအနေဖြင့် သတင်းအချက်အလက်များကို မည်သည့်နည်းလမ်းဖြင့်ရယူလိုသည်ကို စစ်တမ်းကောက်ပြီး အောက်ပါဇယားဖြင့် ဖော်ပြထားပါသည်။

*Preferred ways of Receiving Information – MIRA*

| State/Region | First Preference | Second Preference |
|---|---|---|
| Ayeyarwaddy | Radio | Mobile phone call |
| Bago (west) | Radio | Mobile SMS |
| Chin | Mobile phone call | Community Leader |
| Magway | Radio | Mobile phone call |
| Rakhine | Radio | TV |
| Sagaing | Mobile phone call | TV |

လူသားချင်းစာနာမှုဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုများ၊ လယ်သမားများအနေဖြင့် ၎င်းတို့၏ လယ်ယာမြေများကို မည်ကဲ့သို့ ပြန်လည်ထူထောင်ရမည်ဆိုသည့်အချက်နှင့် ကာကွယ်စောင့်ရှောက်ပေးမှုဆိုင်ရာသတင်းအချက်အလက်များကို ဘေးသင့်ပြည်သူများကမျှော်လင့်လျက်ရှိပါသည်။ ယင်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ရေဘေးသင့်ပြည်သူများ၏လိုအပ်ချက်များကို တွေ့ဆုံမေးမြန်းအားပေးစကားပြောကြားခဲ့ပါသည်။ (ယာပုံ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဘေးသင့်ပြည်သူများသို့ မျိုးစပါးများဖြန့်ဝေပေးခြင်း၊ လယ်ထွန်စက်ကဲ့သို့သော စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး စိုက်ပျိုးရေးချေးငွေများအတွက် ပြန်လည်ဆပ်ချိန်ကိုတိုးမြှင့်စောင့်ဆိုင်းခြင်း စသည်တို့ကို ဆောင်ရွက်ရန် စီစဉ်လျှက်ရှိပါသည်။ ထို့ပြင် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံသည် မုန်တိုင်းရာသီသို့ဝင်ရောက်တော့မည်ဖြစ်၍ ကြိုတင်သတိပေးချက်များဖြန့်ဝေရေးသည်လည်း အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။





## ပညာရေး

ရေဘေးကြောင့် ထိခိုက်ပျက်စီးသည့်ကျောင်း စုစုပေါင်း ၄,၁၁၆ ကျောင်းရှိပြီး ၎င်းတို့အနက်မှ ၆၀၈ ကျောင်းသည် လုံးဝပျက်စီးသည့်ကျောင်းများ ဖြစ်ပါသည်။ ရှေးဦးဆန်းစစ်ချက်များအရ ထိခိုက်ပျက်စီးမှုများအားလုံးကို ပြန်လည်ပြင်ဆင်ခြင်း၊ ပြန်လည်ထူထောင်ခြင်းအပြင် ယာယီစာသင်ကြားရန်နေရာများ ပြုလုပ်ပေးခြင်း၊ သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ သင်ထောက်ကူပစ္စည်းများနှင့် စာသင်ကျောင်းပရိဘောဂများ ထောက်ပံ့ပေးခြင်း စသည်တို့ အရေးတကြီးလိုအပ်လျက်ရှိပါသည်။ သို့သော်လည်း ရေဘေးသင့်ကျောင်းသားကျောင်းသူများ ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစေရေးအတွက် ဘဝတွက်တာကျွမ်းကျင်စရာ သင်တန်းများ၊ သဘာဝဘေးလျော့ပါးရေးဆိုင်ရာ အသိပညာပေးခြင်း၊ ပုံမှန်နှင့် ပုံမှန်မဟုတ်သည့် ပညာရေးတွင် စိတ်ပိုင်းဆိုင်ရာ လူမှုစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

*Number of Destroyed Schools per Township – Ministry of Education*

| Rakhine (360) | Ayeyarwaddy (125) | Chin (64) | Magway (30) | Sagaing (21) | Shan (4) | Mon (2) | Kachin (1) | Bago (1) |
|---|---|---|---|---|---|---|---|---|
| Budithaung (99) | Thabaung (47) | Paletwa (12) | Sidoktaya (11) | Salingyi (5) | Tachileik (3) | Mawlamyine (2) | Mogaung (1) | Yedashe (1) |
| Maungdaw (61) | Kyaunggon (40) | Matupi (12) | Aunglan (7) | Kani (5) | Lawksawk (1) | | | |
| Mrauk-U (58) | Myanaung (10) | Hakha (11) | Pwintbyu (5) | Kale (3) | | | | |
| Ratheduang (44) | Yegyi (8) | Tonzang (8) | Thayet (4) | Tamu (2) | | | | |
| Ponnagyun (37) | Kangidaunt (6) | Tedim (7) | Gangaw (2) | Wetlet (2) | | | | |
| Kyauktaw (23) | Kyonpyaw (4) | Kanpetlet (5) | Yesagyo (1) | Kanbalu (2) | | | | |
| Pauktaw (16) | Hinthada (2) | Mindat (4) | | Homalin (1) | | | | |
| Minbya (10) | Ingapu (2) | Falam (4) | | Mawlaik (1) | | | | |
| Sittwe (6) | Pantanaw (2) | Thantlang (1) | | | | | | |
| Kyaukpyu (2) | Danubyu (1) | | | | | | | |
| Ann (2) | Ngaungdon (1) | | | | | | | |
| Myebon (1) | Maubin (1) | | | | | | | |
| Munuang (1) | Kyangin (1) | | | | | | | |

အဆောက်အဦများ၊ ရေအိမ်များ၊ ရေအရင်းအမြစ်များနှင့် လမ်းပန်းဆက်သွယ်ရေးများအပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မူလတန်းနှင့် အလယ်တန်းကျောင်း ၁၂ ကျောင်းတို့တွင် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ပြီးခဲ့ပြီးဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ သင်ကြားမှုအထောက်အကူပြုပစ္စည်း ၂၅၀၀ ကို ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိပါသည်။ ရခိုင်ပြည်နယ် ပညာရေးဦးစီးဌာနနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများပူးပေါင်းကာ ကျောင်းသားပေါင်း ၄၄၀၀ ဦးကို သင်ကြားရေးပစ္စည်းများ ပံ့ပိုးပေးပြီးဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကျောင်းသားအသုံးအဆောင်ပစ္စည်းထုပ် ၉၀၀၀ ထုပ်၊ အပန်းဖြေကစားစရာပစ္စည်းများပါသည့် အထုပ် ၄၇ ထုပ်၊ ဆရာအသုံးအဆောင်ပစ္စည်းထုပ် ၇၅ ထုပ် တို့ကို ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။ ချင်းပြည်နယ်တွင် ပညာရေးဆိုင်ရာထောက်ပံ့မှုများပေးရန်မှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ပြဿနာတစ်ရပ်ဖြစ်နေပါသည်။ ထိုပြင် ပညာရေးကဏ္ဍဆိုင်ရာ ဆောင်ရွက်သူများမှ အရင်းအမြစ်ရှားပါးမှုသည်လည်း တုံ့ပြန်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အကန့်အသတ်ဖြစ်နေဆဲဖြစ်ပါသည်။

## လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ရေဘေးတုံ့ပြန်ရေးဆောင်ရွက်မှုအနေဖြင့် ရေဘေးသင့်ဒေသများသို့ သွားလာဆက်သွယ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဘေးဖြစ်ဒေသတွင်း ဒေသန္တရလုံခြုံရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများမှ သက်ဆိုင်ရာ ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ အရေးပေါ်ကွပ်ကဲရေးဌာန EOC မှ ခရီးသွားလာခွင့်များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရေဘေးသင့်ဒေသများတွင် လမ်း၊ တံတားများသည် ရွှံ့နွံများ၊ အမှိုက်များဖုံးလွှမ်းမှုနှင့်အတူ လမ်းများ၊ တံတားများ၊ တာတမံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ပါသည်။ အထူးသဖြင့် ချင်းပြည်နယ်သည် သွားလာရေးခက်ခဲလျက်ရှိပါသည်။

## ပေါင်းစပ်ညှိနှိုင်းခြင်း ကဏ္ဍ


နိုင်ငံတော်ဒုတိယသမ္မတဦးညဏ်ထွန်းဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်အဆင့်သဘာဝဘေးအန္တရာယ်တုံ့ပြန်မှုလုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်လျက်ရှိပြီး ဒေသနှင့်လိုက်လျောညီထွေသည့် လုပ်ငန်းဆောင်ရွက်မှုစီမံကိန်းများဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းရန် တာဝန်ရှိသော အရေးပေါ်ကွပ်ကဲမှုဗဟိုဌာန Emergency Operations Centre (EOC)၊ ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ Recovery Coordination Centre (RCC)နှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းရေးဆွဲရေးဖိုရမ် Recovery Planning Forum တို့မှ တစ်ဆင့်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်-

ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ (ရန်ကုန်တိုင်းဒေသကြီး)
အမှတ် (၉)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရပ်ကွက် (၃)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
၀၁-၆၆၁၈၁၂/၆၅၂၆၉၉/၃၇၄၃၀၁၊ ၀၉ ၅၁၁၁၃၆၈


ပြန်လည်ထူထောင်ရေး လုပ်ငန်းညှိနှိုင်းရေးဌာနခွဲ (မန္တလေးတိုင်းဒေသကြီး)
ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်း ၃၀၊ မန္တလေး
၀၂-၃၉၂၈၄/၃၉၂၈၆၊ ၀၉ ၅၀၃၅၆၀၈

## Map of GDP per Capita and Damaged Farmland – Data from MNPED and MOAI




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## Maps of Direct Economic Losses and Damaged Shelter – Data from MNPED and MOSWRR




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.